## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## သစ်တောဦးစီးဌာန
## "Installation of participatory database to NTFP for social innovation with green business"
## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ သစ်တောဦးစီးဌာန၊ သစ်တောသုတေသနဌာနနှင့် ဂျပန်နိုင်ငံ၊ Hiroshima University တို့ ပူးပေါင်း၍ **"Installation of participatory database to NTFP for social innovation with green business"** စီမံကိန်းအတွက် စီမံကိန်းလက်ထောက် (Project Assistant) (၁)ဦး အား ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလအထိ (၃) လ ခန့်ထားမည် ဖြစ်ပါသည်။

၂။ အဆိုပါစီမံကိန်းအတွက် အရည်အချင်းပြည့်မီသည့် စီမံကိန်းလက်ထောက် (Project Assistant) (၁)ဦး လစ်လပ်လျက်ရှိပါသဖြင့် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူများ လျှောက်ထားနိုင်ပါသည် –

- (က) B.Sc (Forestry) ဘွဲ့ရရှိပြီး စီမံကိန်းနှင့် ရုံးလုပ်ငန်း စီမံခန့်ခွဲခြင်းဆိုင်ရာ အတွေ့အကြုံရှိသူဖြစ်ရပါမည်။ အစိုးရဝန်ထမ်း မဟုတ်သူ ဖြစ်ရပါမည်။
- (ခ) Microsoft Office (Word, Excel, Powerpoint) ကျွမ်းကျင်စွာ အသုံးပြုနိုင်သူ ဖြစ်ရပါမည်။
- (ဂ) အင်္ဂလိပ်ဘာသာဖြင့် ရေးသားနိုင်သူ၊ ပြောဆိုဆက်သွယ်နိုင်သူ ဖြစ်ရပါမည်။
- (ဃ) ကျန်းမာရေးကောင်းမွန်ပြီး စီမံကိန်းဧရိယာသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူ ဖြစ်ရပါမည်။

| | | |
|---|---|---|
| ၃။ | တာဝန်ထမ်းဆောင်ရမည့်နေရာ | – သစ်တောသုတေသနဌာန၊ ရေဆင်း၊ စီမံကိန်းရုံး။ |
| ၄။ | တာဝန်ထမ်းဆောင်ရမည့်ကာလ | – ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ အထိ။ |
| ၅။ | လစာ | – အမေရိကန်ဒေါ်လာ ၄၀၀ (USD 400)။ |
| ၆။ | လျှောက်လွှာနောက်ဆုံးပေးပို့ရမည့်ရက် | – ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ (၂၄) ရက်။ |

၇။ စီမံကိန်းလက်ထောက် Project Assistant ၏ လုပ်ငန်းတာဝန်များ (Terms of Reference – ToR) မှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည် –

(က) စီမံကိန်းအစည်းအဝေးများ၊ သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ခြင်း၊

(ခ) စီမံကိန်းဧရိယာများသို့ သွားရောက်၍ ကွင်းဆင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဂ) စီမံကိန်းဆိုင်ရာ အချက်အလက်များ ပြုစုခြင်း၊ လုပ်ငန်းတိုးတက်မှု အစီရင်ခံစာရေးသားခြင်းနှင့် ရုံးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဃ) စီမံကိန်း၏ ရုံးလုပ်ငန်းကိစ္စရပ်များ ဆောင်ရွက်ခြင်း။

၈။ လျှောက်လွှာနှင့်အတူ ကိုယ်ရေးရာဇဝင်အသေးစိတ် အချက်အလက်များနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမှ ထောက်ခံချက်တို့ကို friyezinfd@gmail.com သို့ **၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ (၂၄) ရက်နေ့** နောက်ဆုံးထား၍ ပေးပို့လျှောက်ထားနိုင်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ဝ၉၇ ၃၄၁၆၅၂၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။